ExamOne®
A Quest Diagnostics Company

# အာမခံ လျှောက်ထားသူအတွက် ညွှန်ကြားချက်များ

ဆေးဘက်အကူဆိုင်ရာ စစ်ဆေးချက်မှာ ဘာတွေဖြစ်ပါသနည်း။

ဆေးဘက်အကူဆိုင်ရာ စစ်ဆေးချက်မှာတစ်ရပ်မှာ သင်၏ဆေးဘက်ဆိုင်ရာ ရာဇဝင်အကြောင်းဆိုင်ရာ အချက်အလက်ကောက်ယူရန် သင့်အား ပုဂ္ဂိုလ်တစ်ဦးကအင်တာဗျူးလုပ်ခြင်းဖြစ်သည်။ ၎င်းအင်တာဗျူးကို သင့်အားစစ်ဆေးမှုပြုလုပ်သည့်အခါ၌ ဖုန်းဖြင့်ဖြစ်စေလူကိုယ်တိုင်ဖြစ်စေမေးမြန်းမှုပြုလုပ်နိုင်သည်။ ၎င်းအချက်အလက်ဖြင့် သင်၏လတ်တလောကျန်းမာရေးအား အကျယ်တဝင့်အကဲဖြတ်ချက်ကို အာမခံကုမ္ပဏီက ပြုလုပ်ခွင့်ရှိပါသည်။ စစ်ဆေးချက်တွင် ပုံမှန်အားဖြင့် ပါဝင်သည်မှာ အရပ်အမြင့်၊ကိုယ်အလေးချိန်၊သွေးပေါင်ချိန်နှင့်သွေးခုန်နှုန်းတို့ဖြစ်သည်။ ထို့အပြင်စစ်ဆေးချက်တွင် ပါဝင်နိုင်သည်မှာ သွေးထုတ်ယူမှု၊ ဆီးနှင့်ခံတွင်းအရည်များနာမူနာရယူခြင်း နှင့် ကုမ္ပဏီအာမခံလမ်းညွှန်ချက်များပေါ် မူတည်ပြီး နှလုံးလမ်းကြောင်းလျှပ်စစ်ဓါတ်မှန် (EKG) တစ်ခုတို့ဖြစ်သည်။

စမ်းသပ်မှုကြာချိန် ခန့်မှန်းခြေ

- ဆီးနှင့်သွေးထုတ်ယူမှုအတွက် 10 မှ 20 မိနစ်
- ဆေးဘက်အကူဆိုင်ရာ စစ်ဆေးချက်၊ ဆီးနှင့်သွေးထုတ်ယူမှုအတွက် 20 မှ 30 မိနစ
- ဆေးဘက်အကူဆိုင်ရာ စစ်ဆေးချက်၊ ဆီးနှင့်သွေးထုတ်ယူမှု၊ EKG အတွက် 30 မှ 45 မိနစ်

စစ်ဆေးမှုကို မည်သည့်နေရာတွင်ပြုလုပ်ပါသနည်း။

ExamOne ပညာရှင်များက

သင်အလုပ်ခွင်၊အိမ် သို့မဟုတ် သင့်လျော်အဆင်ပြေသည့် ExamOne နေရာသို့မဟုတ် Quest Diagnostics တည်နေရာများတွင် ပြုလုပ်ပါသည်။

သွေးထုတ်ယူရမည်ဆိုလျှင် ဘာလုပ်သင့်ပါသနည်း။

အာမခံကုမ္ပဏီက သွေးနမူနာကိုတောင်းခံလာလျှင် ဆေးဘက်ဆိုင်ရာအရ လေ့ကျင့်ထားသူ ExamOne ပညာရှင်တစ်ဦးက သွေးဖောက်ယူပါမည်။ ဓါတ်ခွဲစစ်ဆေးမည့်နမူနာတို့ကိုရယူရာတွင် စွန့်ပစ်နိုင်သည့် ပိုးသတ်ထားသော၊တစ်ခါသုံးအပ်များကိုသာအသုံးပြုပြီး ဓါတုဖြင့်စီမံထားသည့်လက်အိတ်များကို အမြဲတမ်းဝတ်ဆင်ပါသည်။

EKG တစ်ခုမှာဘာတွေဖြစ်ပါသနည်း။

နှလုံးလမ်းကြောင်းလျှပ်စစ်ဓါတ်မှန် (EKG)ရယူရန် အာမခံကုမ္ပဏီကသတ်မှတ်ထားလျှင် ယင်းကို စစ်ဆေးမှုခံယူသည့်အခါ ပြုလုပ်သွားပါမည်။
EKG သည် အီလက်ထရစ် နှလုံးခုန်နှုန်းကိုမှတ်တမ်းယူပါသည်။ စမ်းသပ်ချက်မှာ ပုံမှန်အားဖြင့် 10 အတွင်းပြီးစီးပါသည်။

စမ်းသပ်မှုပြီးသည့်အခါ ဘာဆက်ဖြစ်မည်နည်း။

ဆေးဘက်အကူဆိုင်ရာ စစ်ဆေးချက်နှင့် အပိုဆောင်းသတ်မှတ်ချက်တစ်ခုခုတို့ကို အာမခံကုမ္ပဏီထံသို့ လက်ဆင့်ကမ်းပေးပို့ပေးပါသည်။ စစ်ဆေးမှုအတွင်းရယူထားသည့် ဓါတ်ခွဲခန်းနမူနာတစ်ခုခုကို ကျွန်ုပ်တို့၏ ဓါတ်ခွဲခန်းသို့ဖြစ်စေ သတ်မှတ်ထားသည့်အခြားဓါတ်ခွဲခန်းသို့ဖြစ်စေ ပေးပို့ပြီး အဖြေများကို အကဲဖြတ်စီစစ်ရန်အတွက် အာမခံကုမ္ပဏီ ထံသို့ ထပ်ဆင့်ပေးပို့ပါသည်။ ExamOne ပညာရှင်များသည် ဓါတ်ခွဲခန်းတွင်ပြုလုပ်သည့် သွေးနမူနာ(များ)စစ်ဆေးချက်အား မသိရှိဘဲ
စမ်းသပ်ချက်အဖြေများကို လက်ခံရရှိမှုမရှိပေ။

လျှောက်ထားသူအတွက် ညွှန်ကြားချက်များ- တိကျမှန်ကန်သည့်အချက်အလက်ရရှိရန် အကြံပြုအပ်သည်မှာ -

- လက်ရှိဆေးဝါးများအမည်နှင့် ဆေးညွှန်းများကိုပေးအပ်ပါ။
- လွန်ခဲ့သည့် 5 နှစ်အတွင်း သင်သွားရောက်ပြသထားသည့် ဆရာဝန်သို့မဟုတ်ဆေးခန်းတစ်ခုခု၏ အမည်၊လိပ်စာနှင့်ဖုန်းနံပါတ်များအသင့်ရှိထားပါ။
- ဆေးဘက်ဆိုင်ရာ အခြေအနေများရှိခြင်းသို့မဟုတ် ရောဂါလက္ခဏာရှိသိသည့်နေ့စွဲ အပါအဝင် ကုသမှု၊ ကုသမှုရလဒ်နှင့် ကုသပေးသည့်သမားတော်အချက်အလက်တို့ရှိထားပါ။
- စစ်ဆေးခံသည့်အခါတွင် ဓါတ်ပုံပါသည့် ID တစ်ခုအသင့်ရှိထားပါ။
- သင်၏အေးဂျင့်မှ

တစ်နည်းနည်းဖြင့်မဖော်ပြထားလျှင် စစ်ဆေးမှုအတွက် သင့်ထံသို့အသင့်ပေးပို့ထားသည့် လျှောက်လွှာ စာရွက်စာတမ်းတစ်ခုခုကို ထားရှိပါ။

- ဓါတ်ခွဲစစ်ဆေးရန်နမူနာတစ်ခုပေးအပ်ရာတွင် ဆက်နွယ်နေသည့်ပြဿနာများတစ်ခုခု ရာဇဝင်အကြောင်းကို ပေးအပ်ပါ။
- စစ်ဆေးမှုမပြုလုပ်မီ 12 နာရီအလိုတွင် ပင်ပန်းစွာလုပ်ရသည့်လေ့ကျင့်ခန်းများကို မလုပ်ပါနှင့်။
- စစ်ဆေးမှုမပြုလုပ်မီ 24 နာရီအလိုတွင် ဆားနှင့်ကိုလက်စထရောပါသည့်အစားသောက်များကို အကန့်အသတ်ဖြင့်စားပါ။
- ရက်ချိန်းသို့မလာရောက်မီ အနည်းဆုံး12 နာရီအလိုတွင် အရက်ယမကာများသောက်စားခြင်းကို ရှောင်ကျဉ်ပါ။
- ရက်ချိန်းသို့မလာရောက်မီ 1 နာရီအလိုတွင် ကာဖိန်းဓါတ်နှင့်နီကိုဒင်းဓါတ်တို့ကို အကန့်အသတ်ဖြင့်သောက်ပါ။
- ရက်ချိန်းသို့မလာရောက်မီ 1 နာရီအလိုတွင် ရေတစ်ခွက်သောက်ပါ။

အခြားဝန်ဆောင်မှုတစ်ခုခုကိုပေးအပ်လျှင် ExamOne အရည်အသွေးအာမခံရေးထံသို့ 1-800-873-8845 လိုင်းခွဲ 1303 ကိုချက်ချင်းခေါ် ဆိုပါ။

ရက်ချိန်းတစ်ခုကို အောက်ပါအတိုင်း စီစဉ်ထားပါသည် -

ရက်စွဲ - ______________________ နေရာ - ______________________

အချိန် - ______________________ ExamOne တယ်လီဖုန်းနံပါတ် - ______________________